# ကြွေးမြီအမျိုးအစားများ

**မိမိ၏ငွေကြေး စီမံဆောင်ရွက်မှု အချက်အလက်စာရွက်**



ကြွေးမြီအမျိုးအစားများပြားစွာ ရှိပါသည်။

## ကြွေးမြီအမျိုးအစားများ

- ကားဝယ်ရန်ချေးငွေသည် ကားအသစ် သို့မဟုတ် ကားအဟောင်းဝယ်ရန် ဖြစ်ပြီး အခြားအရာတစ်ခု ဝယ်ရန်အတွက်မဟုတ်ပါ။
- အတိုးမပေးရသော သဘောတူညီမှုဆိုလျှင် ကိုယ်ငွေမချေမီ ပစ္စည်းများကို အိမ်သို့ယူသွားခွင့်ရှိသည်။
- ဝန်ဆောင်မှုအသုံးပြုသူများစာချုပ်အရ သင်ပစ္စည်းတစ်ခုကို ကာလပိုင်းတစ်ခုအရ ငှါးရမ်းနိုင်သည်။ (ဥပမာ- အိမ်သုံးကွန်ပြူတာ၊ သို့မဟုတ် ရုပ်မြင်သံကြားစက်)
- ကြွေးမြီကဒ်ဖြင့် သတ်မှတ်ထားသည့် အကြွေးအဆင့်တစ်ခုအထိ ပစ္စည်းများ (ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ) ဝယ်နိုင်သည်။ယင်းကို ချေးငှါးသူ (ကြွေးမြီပေးသူ) ထံမှရပါသည်။
- အိမ်ဝယ်ရန်ချေးငွေသည် အိမ်ဝယ်ရန်ဖြစ်ပြီး အခြားတစ်ခုခုဝယ်ရန်မဟုတ်ပါ။
- လစာထုတ်ရက်အတွက်ချေးငွေသည် ကာလတိုချေးငွေဖြစ်ပြီး ပုံမှန်အားဖြင့် ရက်သတ္တပါတ် အနည်းငယ်အတွက်သာ ဖြစ်ပါသည်။
- မိမိကိုယ်ရေးကိုယ်တာ ကြွေးမြီသည် ကားဝယ်ရန်သို့မဟုတ် အပန်းဖြေခရီးသွားရန်ကဲ့သို့ ကိုယ်လိုအပ်သည့် သို့မဟုတ် လိုချင်သည့် ကိစ္စအတွက်ဖြစ်သည်။
- ဝယ်ယူရန် ငှါးရမ်းခြင်းသည် ကာလပိုင်းတစ်ခုငှါးရမ်းခြင်းဖြင့် ပစ္စည်းကို သင်အပိုင်ဝယ်ယူမှု ဖြစ်ပါသည်။
- ဆိုင်ကဒ်များမှာ ပုံမှန်ကြွေးမြီကဒ်များကဲ့သို့ အသုံးပြုမှုဖြစ်သော်လည်း သင့်အနေနှင့် အတိုးပို၍ ပေးရလေ့ရှိ ပါသည်။
- ပေါင်းစည်းကြွေးမြီဆိုသည်မှာ သင့်တွင်ရှိသောအကြွေးအားလုံးကို အကြွေးတစ်ခုတည်းအနေဖြင့် လုပ်လိုက် ခြင်းဖြစ်ပါသည်။

## သတိပြုပါ

- ကြွေးမြီအမျိုးအစား များပြားစွာရှိပါသည်။
- အချို့ကြွေးမြီများသည် ပို၍စရိတ်များပါသည်။
- အကြွေးကိုသုံးသည့် ရည်ရွယ်ချက်ပေါ်တည်၍ ကြွေးမြီအမျိုးအစားများ ကွဲပြားပါသည်။
- သင့်အတွက် အကောင်းဆုံးဖြစ်မည့် ကြွေးမြီကိုရှာပါ။

## အချက်အလက်များကို နောက်ထပ် ဘယ်ကရနိုင်မလဲ?

ကြွေးမြီအမျိုးအစားများနှင့် ပါတ်သက်၍ ပိုမိုသိရန်၊ MoneySmart ကွန်ယက်ဝက်ဗ်ဆိုက် **www.moneysmart.gov.au** သို့မဟုတ် ၁၃၀၀ ၃၀၀ ၆၃၀ ကိုဆက်ပါ။ ငွေကြေးဆိုင်ရာအကြံပေးသည့်အရာရှိအားလည်း ၁၃ ၂၃ ၀၀ ကိုခေါ်ပြီး သင့်ကြွေးမြီ စီမံမှုပိုပြီး ကောင်းရန် အကူအညီရယူပါ။

MONEYSMART

## အင်ဒီရာသည် အတိုးမရှိချေးငွေစီမံကိန်း မှ အကြွေးကိုရယူလိုက်သည်။

အင်ဒီရာ၏ အဝတ်လျှော်စက်တွင်ရေယိုနေသည်။ ပြင်မည့်သူကို ခေါ်သည့်အခါ အဝတ်လျှော်စက်သည် ပြင်ရန် အလွန်ဟောင်းနေပြီဖြစ်၍ အင်ဒီရာကို အသစ်ဝယ်ရန် လိုကြောင်းပြောပါသည်။

အင်ဒီရာမှာ အဝတ်လျှော်စက်အသစ်ဝယ်ရန် စုဆောင်းငွေလုံလုံလောက်လောက်မရှိ၍ စိတ်ပူပါသည်။ ဆိုင်မှာတွေ့ ထားသည့် အဝတ်လျှော်စက်တစ်ခုကို ဝယ်ရန် ဒေါ်လာ ၅၀၀ ချေးဖို့အတွက် အင်ဒီရာသည် သူမ၏ ဘဏ်ကိုသွား သည်။

ဘဏ်က အင်ဒီရာအား ထိုပမာနကိုမချေးနိုင်ကြောင်းပြောပါသည်။

အင်ဒီရာသည် သူမ၏အိမ်နီးချင်း ရှိ အလုပ်သမားတစ်ဦးဖြစ်သည့် အင်ဂျလာ ကိုခေါ်ပြီး သူ့အခြေအနေ ပြောပြသည်။

အင်ဂျလာက နီးလ်စ် (NILS) ဟုလည်းခေါ်သည့် အတိုးမရှိချေးငွေစီမံကိန်း အတွက် လူ့အသိုင်းဝိုင်း တွင်းဝန်ထမ်းတဦးဖြစ်သည့်အဲရစ်ကို ခေါ်ဖို့ အင်ဒီရာကို ပြောသည်။ နီးလ်စ်အကြောင်း အဲရစ်အားလုံးသိသည်။ အင်ဂျလာကသူ့ဖုန်း နံပါတ်ကို အင်ဒီရာအားပေးလိုက်သည်။

အင်ဒီရာက အဲရစ်ကို ခေါ်ပြီး နီးလ်စ်အကြောင်း သိလို၍ဘယ်တော့တွေ့နိုင်မလဲမေးပါ သည်။ အဲရစ်က သူ့ကိုလာတွေ့ဖို့နှင့် စင်တာလင့်ကဒ်ယူလာရန် အင်ဒီရာကို ပြောသည်။

အင်ဒီရာကိုတွေ့သည့်အခါ နီးလ်စ်သည် စင်တာလင့်ထောက်ပံ့ကြေး ယူနေသူများအတွက် စိတ်ချရ၍ သူတို့အတွက် တတ်နိုင်သည့်ချေးငွေကို မျှမျှတတ ရရှိနိုင်ရန် ဆောင်ရွက်မှုဖြစ်ကြောင်း အဲရစ်က ရှင်းပြပါသည်။ အဲရစ်က နီးလ်စ် သည် အဝတ်လျှော်စက်၊ ကွန်ပြူတာ သို့မဟုတ် ပရိဘောဂများကဲ့သို့ အိမ်သုံးပစ္စည်းများ ဝယ်ရန်ဖြစ်ကြောင်း ပြောပါသည်။ ချေးငွေယူလျှင် အင်ဒီရာသည် ထိုငွေကို ပြန်ဆပ်ရမည်ဖြစ်သော်လည်း အတိုးငွေကို ပေးရန်လိုမည် မဟုတ်ပါ။

အင်ဒီရာနှင့်အတူ အဲရစ်တို့ တွက်ချက်ကြည့်ရာမှ အင်ဒီရာသည် နှစ်ပတ်လျှင် ဒေါ်လာ ၂၀ကို ၁၂ လ ကာလအတွင်း ပေးဆပ်နိုင်ကြောင်းတွေ့သည်။ အင်ဒီရာ အဝတ်လျှော်စက်တစ်ခုဝယ်နိုင်ရန် အဲရစ်က ဒေါ်လာ ၅၀၀ အကြွေးကို စီစဉ်ပါသည်။

သူမ၏ အဝတ်လျှော်စက်အသစ်က သာ၍ကောင်းပြီး ဒေါ်လာ ၅၀၀ကို လာမည့် ၁၂ လအတွင်း ဆပ်နိုင်သောကြောင့် အင်ဂျလာ ဝမ်းသာပါသည်။

© ASIC 2012 all rights reserved

This page has been intentionally left blank.

© ASIC 2012 all rights reserved